dvbdebate.net, facebook.com/dvb.debate
dvbdebate.net, facebook.com/dvb.debate

“ဒီဗွီဘီဒီဘိတ်” အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို ဒီဗွီဘီ သတင်းဌာနက စနေနေ့တိုင်း ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ အထက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှု ပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ်ပွင့်လင့်တဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။

အပတ်စဉ် သတင်းထုတ်ပြန်ချက်တွေ၊ သတင်းဓာတ်ပုံတွေနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ Facebook စာမျက်နှာနဲ့ ဝက်ဘ်ဆိုဒ်မှာ ကြည့်ရှုနိုင်ပါတယ်။

| Debate on DVB TV |
|---|
| Sunday: 19:15 (New), 21:00 |
| Monday: 10:15, 15:15, 21:00 |
| Wednesday: 10:15, 15:15 |
| Friday: 15:15, 21:00 |

အမှတ် - ၄၅၄၊ ၇ လွှာ၊
ကုန်သည်လမ်းနှင့်
ဗိုလ်ကလေးဈေးလမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

**“ကျောက်မီးသွေးက လျှပ်စစ်လိုအပ်ချက်အတွက် အဖြေလား”**

ဖြစ်ပါတယ်။

မှတ်ချက်ပေးလိုတာ

အကြံပြုလိုတာ

မေးမြန်းလိုတာတွေ ရှိပါက ရုံးချိန်အတွင်း

ဖုန်းနံပါတ် +၉၅ ၉၄ ၅၉၈ ၆၅ ၉၄၀ နဲ့

debate@dvb.no ကို ဆက်သွယ်ပြီး

## “ကျောက်မီးသွေးက လျှပ်စစ်လိုအပ်ချက်အတွက် အဖြေလား” (သာလွန်ဇောင်းထက်)

ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအနေနဲ့ လျှပ်စစ်စွမ်းအင်လိုအပ်ချက် ကြီးမားနေပါတယ်။ နိုင်ငံတစ်ဝန်း ပေါများလှတဲ့ ရေအားရင်းမြစ်ကနေ လျှပ်စစ်ဓာတ်အား ထုတ်ယူနေပေမယ့်လည်း တစ်နိုင်ငံအတိုင်းအတာနဲ့ ဖြန့်ဖြူးမပေးနိုင်သေးပါဘူး။ ဈေးပေါပြီး ကုန်ကျစရိတ် သက်သက်သာသာနဲ့ ဓာတ်အားထုတ်နိုင်တဲ့ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံတွေက လိုအပ်နေတဲ့ စွမ်းအင်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မလား၊ သဘာဝပတ်ဝန်းကျင် ထိခိုက်စေတဲ့ ကျောက်မီးသွေး ဓာတ်အားစက်ရုံတွေကို ပြည်သူတွေက လက်ခံပါ့မလား။

### ကျောက်မီးသွေးဆိုတာဘာလဲ

ကျောက်မီးသွေးဆိုတာက ကာဗွန်ပါဝင်မှု မြင့်မားတဲ့ အော်ဂင်းနစ်အမည်းရောင် ကျောက်စိုင်ကျောက်ခဲဖြစ်ပြီး လွန်ခဲ့တဲ့ ရှေးနှစ်သန်းပေါင်းများစွာအချိန်က ကမ္ဘာမြေအပေါ်ယံအလွှာရှိ ရှေးခေတ်သစ်ပင်များ ဆွေးမြေ့ရာမှ ဖြစ်ပေါ်လာတယ်လို့ သိပ္ပံပညာရပ်ဆိုင်ရာ စာတမ်းတွေမှာ ဖော်ပြပါတယ်။ သဘာဝတွင်းထွက်ဖြစ်တဲ့ ကျောက်မီးသွေးကို အာရှပစ္စဖိတ်ဒေသ၊ မြောက်အမေရိကဒေသ ၊ရုရှား ၊ ဥရောပဒေသတချို့နဲ့ တရုတ်နိုင်ငံတွေမှာ အများအပြား တွေ့ရပါတယ်။ အာရှဒေသမှာရှိတဲ့ အင်ဒိုနီးရှားနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတွေက ကျောက်မီးသွေးအများအပြားထုတ်လုပ်ပြီး ကမ္ဘာတလွှားကို တင်ပို့ရောင်းချနေတာပါ။

### ကျောက်မီးသွေးလောင်စာ

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ကျောက်မီးသွေးကို လောင်စာအဖြစ် အသုံးပြုခဲ့ကြပြီး အေဒီ ၂၀၀ လောက်ကစတင်လို့ ကျောက်မီးသွေးကို ထုတ်ယူသုံးစွဲရုံတင်မက ကူးသန်းရောင်းဝယ်မှုတွေပါ လုပ်ဆောင်ခဲ့ကြတာပါ။ ၁၇ ရာစု စက်မှုတော်လှန်ရေးခေတ်မှာ ရေနွေးငွေ့အင်ဂျင်တွေ ပေါ်ပေါက်လာပြီး ကျောက်မီးသွေးလောင်စာဟာ ထိပ်တန်း စွမ်းအင်ကုန်ပစ္စည်း ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက် ၁၈၊ ၁၉၊ ၂၀ ရာစုတွေဟာ ကျောက်မီးသွေးလောင်စာနဲ့ စက်မှုကုန်ထုတ်လုပ်ငန်းတွေ ထွန်းကားခဲ့တဲ့ ရာစုနှစ်တွေပါပဲ။

၂၁ ရာစု၊ ယနေ့ခေတ်မှာလည်း ကျောက်မီးသွေးဟာ လောင်စာအဖြစ် တွင်ကျယ်နေဆဲဖြစ်ပြီး ကမ္ဘာမှာ သုံးစွဲနေတဲ့ စွမ်းအင်ပမာဏ ၂၆ ဒသမ ၆ ရာခိုင်နှုန်းကို ကျောက်မီးသွေးက ထုတ်ယူ သုံးစွဲနေတာ ဖြစ်ပါတယ်။

### ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ

ကျောက်မီးသွေးကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှာ လောင်စာအဖြစ် အများဆုံး အသုံးပြုနေကြဆဲဖြစ်ပြီး တရုတ်နိုင်ငံသည် ၁၉၈၃ ခုနှစ်အချိန်မှစ၍ ကမ္ဘာပေါ်မှာ ကျောက်မီးသွေးအများဆုံး ထုတ်ယူသုံးစွဲတဲ့နိုင်ငံအဖြစ် စံချိန်တင်လျက်ရှိပါတယ်။

၂၀၁၆ - ခုနှစ်မှာ ကမ္ဘာ့ကျောက်မီးသွေးထုတ်လုပ်မှုရဲ့ ၄၈ ရာခိုင်နှုန်း (တန်ချိန်သန်း ၃၇၄၇) အထိ သုံးစွဲခဲ့ပါတယ်။ ယနေ့ တရုတ်နိုင်ငံမှာသုံးစွဲနေတဲ့ ဓာတ်အား ပမာဏ ၅၇ ရာခိုင်နှုန်းဟာ ကျောက်မီးသွေး

dvbdebate.net, facebook.com/dvb.debate

လောင်စာမှ ထုတ်ယူရရှိတာပါ။ ထို့အတူ အမေရိကန်ပြည်ထောင်စုက သုံးစွဲနေတဲ့ ဓာတ်အားပမာဏ ၃၉ ရာခိုင်နှုန်းဟာ ကျောက်မီးသွေး လောင်စာမှ ထုတ်ယူရရှိတာပါ။ ၂၀၁၆ ခုနှစ်အတွင်း တစ်ကမ္ဘာလုံး သုံးစွဲနေတဲ့ လျှပ်စစ်ပမာဏရဲ့ ၄၀ ရာခိုင်နှုန်းကို ကျောက်မီးသွေးက ထုတ်ယူတာဖြစ်ပါတယ်။

### ကျောက်မီးသွေးနဲ့ ဆိုးကျိုးများ

ကျောက်မီးသွေး လောင်စာတွေဟာ လူသားတွေရဲ့ ကျန်းမာရေးကို အကြီးအကျယ် ထိခိုက်စေသလို သဘာဝပတ်ဝန်းကျင်ကိုလည်း အလွန်ကြီးမားစွာ ထိခိုက်ပါတယ်။ ရာသီဥတုပြောင်းလဲခြင်းနဲ့ ကမ္ဘာ့အပူချိန် မြင့်တက် ပြောင်းလဲလာစေတဲ့အထဲမှာ ကျောက်မီးသွေးလောင်စာတွေဟာ အဓိကတရားခံအဖြစ်လည်း ပါဝင်နေပါတယ်။ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံတွေမှာ ကျောက်မီးသွေးလောင်စာမှတဆင့် ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နဲ့ အခြားဓာတ်ငွေ့များစွာ ထွက်ရှိပြီး လေထုညစ်ညမ်းစေကာ အဆုတ်ကင်ဆာဖြစ်ပွားမှုတွေ ဖြစ်ပွားစေပါတယ်။ ကျောက်မီးသွေးလောင်စာတွေသုံးပြီး ပြန်လည်စွန့်ပစ်တဲ့ အခါ မြစ်တွေ၊ ကုန်းမြေတွေကို အဓိက ညစ်ညမ်းစေတာကြောင့် ဆိုးဝါးတဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ ကြီးမားစွာ ဖြစ်ပေါ်စေပါတယ်။

### ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနဲ့ မြန်မာနိုင်ငံ

မြန်မာနိုင်ငံမှာ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတွေ တည်ဆောက်ဖို့ စီမံကိန်းတွေ တင်ပြတာတွေရှိနေပြီး အဲဒီတင်ပြမှုတွေအပေါ် ဒေသခံတွေရဲ့ ကန့်ကွက်မှုကြောင့် ပျက်ပြယ်သွားတာတွေရှိနေပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမြို့အနီး ဝတ်ကြီးဒေသမှာ ကရင်ပြည်နယ်အစိုးရနဲ့ တိုယိုထိုင်း ကော်ပိုရေးရှင်းလီမိတက်တို့ မီဂါဝပ် ၁၂၈၀ ထုတ်လုပ်မယ့် ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီမံခဲ့ပေမယ့်လည်း ဒေသခံတွေရဲ့ကန့်ကွက်မှုကြောင့် ရပ်ဆိုင်းသွားခဲ့ပါတယ်။ တနင်္သာရီတိုင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ စက်မှုဇုန်မှာလည်း မီဂါဝပ် ၄၀၀၀ ထုတ်မယ့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုလည်း ဒေသခံတွေက ကန့်ကွက်နေပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းကိုင်မြို့မှာလည်း ကျောက်မီးသွေးတူးဖော်နေမှုတွေကို ရပ်ဆိုင်းရေး ဒေသခံတွေက ကန့်ကွက်ဆန္ဒပြနေကြပါတယ်။ ဒေသခံတွေက ကန့်ကွက်နေပေမယ့်လည်း ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ် နောင်တရားမြို့နယ်ခွဲ၊ သပြေပင်ရွာအနီးမှာရှိတဲ့ တရုတ်ကုမ္ပဏီပိုင် တီကျစ်ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံကို လည်ပတ်နေပါပြီ။ ဒီစက်ရုံကို တရုတ်နိုင်ငံ၊ Wuxi Huaguang လျှပ်စစ်ဓာတ်အားကုမ္ပဏီက ၂၂ နှစ်တာ နှစ်ရှည် ငှားရမ်းလုပ်ကိုင်ခွင့် ရထားတာဖြစ်ပြီး ၂၀၀၄ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ လည်ပတ်ခဲ့တယ်လို့ သိရပါတယ်။ ဒီကျောက်မီးသွေး လျှပ်စစ်စက်ရုံကနေ လျှပ်စစ်ဓာတ်အား ၁၂၀ မဂ္ဂါဝပ် ထွက်ရှိတယ်လို့ သိရပါတယ်။

၂၀၁၇ ခုနှစ် နွေရာသီမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေက ဓာတ်အား ၁၈၀၃ မဂ္ဂါဝပ် (ရာခိုင်နှုန်းအားဖြင့် ၅၉ ရာခိုင်နှုန်း) နှင့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်များမှ ဓာတ်အား ၁၂၇၂ မဂ္ဂါဝပ် ရာခိုင်နှုန်းအားဖြင့် ၄၁ ရာခိုင်နှုန်း စုစုပေါင်း ဓာတ်အား ၃၀၇၅ မဂ္ဂါဝပ်အထိ ထုတ်လုပ်သုံးစွဲခဲ့ပါတယ်။ တစ်နေ့တစ်ခြားတိုးလာနေတဲ့

dvbdebate.net, facebook.com/dvb.debate

ဓာတ်အားလိုအပ်ချက်အတွက် ရေအားလျှပ်စစ်စီမံကိန်း၊ သဘာဝဓာတ်ငွေ့နဲ့ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းတွေကိုလည်းကောင်း၊ ကာလလတ်စီမံချက်အတွက် LNG သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ Clean Coal Technology သုံး ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ စီမံကိန်းတွေကိုလည်းကောင်း အစိုးရက ဆောင်ရွက်မယ်လို့ ထုတ်ပြန်ထားပါတယ်။

### သူတို့ပြောစကား

“ဘယ်နိုင်ငံမှ ကျောက်မီးသွေးမသုံးဘဲနဲ့ မတိုးတက်ဘူး၊ ကျွန်တော်တို့လည်း မတည်ပါဘူး၊ မသုံးပါဘူး၊ ဒါပေမယ့် ကျွန်တော်ပြောမယ် ကျောက်မီးသွေးကို လက်မခံဘူးဆိုရင်ကတော့ ဖွံ့ဖြိုးတိုးတက်မှု မရှိဘူး”

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ**